# သင့်ကို စစ်ဆေးမှုပြုလုပ်နေစဉ် ဘာကိုမျှော်လင့်ထားရမလဲ

## နှာခေါင်းနှင့်အာခေါင်တို့ဖတ် ရယူစစ်ဆေးခြင်း

**နှာခေါင်းတို့ဖတ်ယူပြီး စစ်ဆေးရာတွင် အဆင်အပြေဆုံးဖြစ်အောင် ဤကဲ့သို့အဆင့်ဆင့် လိုက်နာပါ။**

## မစစ်ဆေးမီ ဘာကို မျှော်လင့်ထားရမလဲ

**အောက်ပါတို့ဖြစ်လျှင် စစ်ဆေးသူကို ပြောပြပါ...**

- နှာခေါင်း သို့မဟုတ် နှာခေါင်းအပေါ်ဘက်လိုဏ်ခေါင်းတွင် ရောဂါတစ်ခုခု ရှိဖူးလျှင်။
- ရောဂါ အချက်ပြသော လက်ပတ် ဝတ်ထားလျှင်။
- သွေးကျဲစေသောဆေးဝါး မှီဝဲနေလျှင်။
- မေးစရာတစ်ခုခု ရှိလျှင်။

## စစ်ဆေးနေစဉ် ဘာကို မျှော်လင့်ထားရမလဲ

**ထည့်စဉ်းစားစရာ အချက်များ**

- စစ်ဆေးမှုသည် ၁၀-၁၅ စက္ကန့်သာ ကြာပါမည်။
- စစ်ဆေးနေစဉ် မလှုပ်ရှားရန် အထူး အရေးကြီးပါသည်။ ထိုသို့လှုပ်ပါက နာကျင်နိုင်ပါသည်။
- တို့ဖတ်ကို နှာခေါင်းပေါက်ထဲ ထည့်ပြီး သင့်နှာခေါင်း၏ အနောက်ဘက်သို့ ညင်သာစွာ တွန်းလိုက်ရာတွင် ယားယံမှု ခံစားရနိုင်ပါသည်။
- စစ်ဆေးသူက သင့်ဦးခေါင်း မလှုပ်အောင် သူ့လက်ဖြင့် ထိန်းထားပါလိမ့်မည်။
- အနည်းငယ် မသက်မသာဖြစ်ခြင်း သို့မဟုတ် အခံရခက်ခြင်း ဖြစ်တတ်သော်လည်း စစ်ဆေးမှုကြောင့် နာကျင်မည် မဟုတ်ပါ။

## စစ်ဆေးပြီးသောအခါ

1. နှာခေါင်း အနောက်ဘက်တွင် ခဏတာ အနည်းငယ် မသက်မသာ ဖြစ်နိုင်ပါသည်။
2. နှာခေါင်းသွေးထွက်ခြင်းမှာ ရှားပါသည်။ သွေးဆက်ထွက်နေပါက သင့်ဆရာဝန်ကို ဆက်သွယ်ပါ။
3. ရလဒ်အဖြေကို ၂၄ နာရီမှ ၄၈ နာရီအတွင်း ရရှိပါမည်။

နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်မှုပညာဌာန (နား၊ နှာခေါင်း၊ လည်ချောင်း)
ရေရှည်ခိုင်မြဲသော သင်ယူမှုအတွက် ကျွမ်းကျင်ပညာရှင် အချင်းချင်း လေ့လာစမ်းသပ်သောစင်တာ (iEXCEL)

UNMC Nebraska Medicine